မွတ်စ်လင်မ် (သို့မဟုတ်) မုအ်မင်န် ကျေးကျွန်တစ်ဦးသည်ဝုဿွူပြုသည့်အခါ ၎င်း၏မျက်နှာကိုဆေးကြောလိုက်ပါကသူ၏မျက်လုံးနှင့်ကြည့်၍ ကျူးလွန်ခဲ့သည့်

အပြစ်တိုင်းသည် ရေနှင့်အတူ (သို့မဟုတ်)

နောက်ဆုံးရေစက်နှင့်အတူ မျက်နှာမှကျဆင်းသွားမည်

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ မွတ်စ်လင်မ် (သို့မဟုတ်) မုအ်မင်န် ကျေးကျွန်တစ်ဦးသည် ဝုဿွူပြုသည့်အခါ
၎င်း၏မျက်နှာကိုဆေးကြောလိုက်ပါက သူ၏မျက်လုံးနှင့်ကြည့်၍ ကျူးလွန်ခဲ့သည့်
အပြစ်တိုင်းသည် ရေနှင့်အတူ (သို့မဟုတ်) နောက်ဆုံးရေစက်နှင့်အတူ
မျက်နှာမှကျဆင်းသွားမည်။ ၎င်းသည်မိမိလက်နှစ်ဖက်ကို ဆေးကြောသည့်အခါ
လက်ဖြင့်ကျူးလွန်ခဲ့သည့် အပြစ်တိုင်းသည် ရေနှင့်အတူ (သို့မဟုတ်)
နောက်ဆုံးရေစက်နှင့်အတူ လက်မှကျဆင်းသွားမည်။ ၎င်းသည်မိမိခြေနှစ်ဖက်ကို
ဆေးကြောသည့်အခါ ခြေဖြင့်လျှောက်လှမ်း၍ ကျူးလွန်ခဲ့သည့် အပြစ်တိုင်းသည်
ရေနှင့်အတူ (သို့မဟုတ်) နောက်ဆုံးရေစက်နှင့်အတူ ခြေထောက်မှကျဆင်းသွားမည်။
နောက်ဆုံး အပြစ်များမှကင်းစင်၍ ထွက်လာမည်ဖြစ်သည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ရှင်းလင်းမိန့်ကြားတော်မူသည်မှာ- မွတ်စ်လင်မ် သို့မဟုတ် မုအ်မင်န်သည် ဝုဇူပြုသောအခါ မိမိမျက်နှာကို ဆေးကြောရာ၌မျက်စိဖြင့်ကြည့်မိသော အသေးစားအပြစ်များအားလုံးသည် ရေနှင့်အတူ သို့မဟုတ်နောက်ဆုံးရေစက်နှင့်အတူ မျက်နှာမှထွက်သွား၏။ ထို့နောက် မိမိလက်နှစ်ဖက်ကိုဆေးကြောသောအခါ လက်နှစ်ဖက်ဖြင့် ကျူးလွန်ခဲ့သော အသေးစားအပြစ်များအားလုံးသည်ရေနှင့်အတူ သို့မဟုတ် နောက်ဆုံးရေစက်နှင့်အတူ လက်မှထွက်သွား၏။ ထို့နောက်မိမိခြေနှစ်ဖက်ကို ဆေးကြောသောအခါ ခြေနှစ်ဖက်ဖြင့် လျှောက်လှမ်းခဲ့သောအသေးစားအပြစ်များအားလုံးသည် ရေနှင့်အတူ သို့မဟုတ် နောက်ဆုံးရေစက်နှင့်အတူခြေမှထွက်သွား၏။ သို့ဖြင့် ဝုဇူပြီးဆုံးချိန်တွင် အပြစ်ငယ်များမှ စင်ကြယ်သွားလေသည်။

http://www.sunnah.global/hadeeth/my/show/3284